- နွားတို့သည် မောင်းနှင်သည့် နှင်တံ၏အလိုသို့ လိုက်ပါနေကြရသကဲ့သို့ အလုံးစုံသောသတ္တဝါတို့သည် မိမိတို့ကို မောင်းနှင်နေသည့် တဏှာ၏ အလိုနိုင်ငံသို့ လိုက်ပါနေကြရ၏။
- ဝိဇ္ဇာဉာဏ်အလင်း မကွန့်မြူးသေးသူတို့၏ တဏှာတုန်လှုပ်ခြင်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော အခြင်းအရာတို့ကို ဖြစ်ပေါ်စေတတ်သည်ပင်။
- သည်းခံခြင်းဟူသည် ပညာရှိသူတော်ကောင်းတို့၏ ခွန်အားဖြစ်သည် မဟုတ်လော။
- အမြဲမပြတ် ကိလေသာမီး တညီးညီး တောက်လောင်နေပါလျက် အဘယ်ကြောင့် သင်တို့ ပျော်မြူးရယ်ရွှင်နေဘိသနည်း၊ အဘယ်ကြောင့် နှစ်လိုဝမ်းသာခြင်း ဖြစ်နေဘိသနည်း။
- ကျောက်မှဖြစ်သော စိန်သည် မိမိမှီရာဖြစ်သော ထိုကျောက်ကိုပင်လျှင် ထွင်းဖောက်ဖျက်ဆီးသကဲ့သို့ မိမိပြုသော မိမိ၌ဖြစ်သော မိမိကြောင့် ဖြစ်သော မကောင်းမှုသည် ထိုသူမိုက်ကိုပင်လျှင် ဖျက်ဆီးလေ၏။
- မငြိမ်သက်မှုဟူသမျှတို့သည် လူမိုက်ကြောင့်သာ ဖြစ်၏။ လူလိမ္မာပညာရှိကြောင့် ဖြစ်သည် မဟုတ်ပေ။
- သတ္တဝါတို့၏ သန္တာန်၌ အလျှံပြိုးကြွ အခိုးထနေသည်ကား အာရုံထိုထို လိုချင်မှုကြွစ္စာတည်း။
- မိမိကိုယ်ကို သတ်ခြင်းငှါ အသီး,သီးသော ငှက်ပျောပင်ကဲ့သို့ ခက်ထန် ကြမ်းတမ်းစူးရှသော လာဘ်ပူဇော်သကာ အကျော်အစောသည် ရှင်ဒေဝဒတ်အား သတ်သည်ပင်။
- ဒုက္ခမဖြစ်လိုသည့် ဆန္ဒကြောင့် ဒုက္ခဖြစ်ရတာပါ။
- ခန္ဓာဟူသော လောကသည် စစ်မြေပြင် တစ်ခုသာ ဖြစ်သည်။
- သူတစ်ပါးတို့၏ စိတ်ဖြစ်ပုံ၌ မကျွမ်းကျင်သူ ဖြစ်ချင်ဖြစ်ပါစေ၊ မိမိတို့၏ စိတ်ဖြစ်ပုံ၌ ကျွမ်းကျင်သူ ဖြစ်အောင် ကြိုးစားကြစမ်းပါ။
- ရူပကာယ လှပခြင်းကြောင့် သုဂတိဘုံကို ရောက်နိုင်ကြသည်မဟုတ်။

ဖားအောက်တောရ ဗုဒ္ဓသာသနာ့ ရိပ်သာ (ပင်မ) ဓမ္မစာစဉ် နားလည်နိုင်ခြင်း၏ စွမ်းအား

# နားလည်နိုင်ခြင်း၏ စွမ်းအား

ဓမ္မစာစဉ်



**ဖားအောက်တောရဆရာတော်**

- ဩဝါဒမိန့်ကြားချက်
- ဓာတ်သဘာဝဟူသည်
- စေတနာ၏စွမ်းအား

**အရှင်ရေဝတ** (ဖားအောက်တောရ)

- အကျိုးဆောင်သူများသို့
- လေးစားခြင်း
- ဆန့်ကျင်ဘက်တရားများ